၄-၂

အကျိုးဆက် မကောင်းလို့တားမြစ်မှုများကိုနားလည်သလို ပြစ်မှုကြီးလို့ ပြစ်ဒဏ်ပေးတယ် ဆိုတာကိုလဲ လက်ခံနိုင်ပါတယ်။

အကျိုးဆက်က သူသဘာဝ နဲ့သူ ခံစားရမှာတွေ ရှိတယ်ဆိုလို့ အကျိုးဆက် အပိုင်းကို ရှင်းစရာ မလိုအောင် နားလည်ပါဘီ။

ပြစ်မှုနဲ့ ပြစ်ဒဏ်များနဲ့ ပတ်သက်ပြီး ကုံအာရ်က ဘယ်လို ပြောထားလဲ သိချင်ပါတယ်။

ဥပမာ၊ လူသတ်ခြင်းကို ဘယ်လို ပြစ်ဒဏ် သတ်မှတ်ထားပါ သလဲ။ လူသတ်ရာမှာလဲ ယောကျ်ားကို သတ်ခြင်း မိန်းမကိုသတ်ခြင်း ရန်သူကိုသတ်ခြင်း၊ အလ္လာဟ်ကို မယုံကြည်သူကို သတ်ခြင်း ဘယ်လို ကွာခြားသလဲ စသဖြင့်ပေါ့။ သိချင်ပါတယ်။

လူသတ်မှု ဥပဒေကို ကုရ်အံကျမ်း ၂း၁၇၈-၁၇၉ မှာ ပြဌာန်းထားပါတယ်။ လူလွတ်အတွက် လူလွတ်၊ ဝန်ထမ်းအတွက် ဝန်ထမ်း၊ လိင်မအတွက် လိင်မ လို့ သုံးပါတယ်။---- ဆိုလိုတာက မောင်နီက သတ် ရင် မောင်နီသည်သာ တရားခံဖြစ်တယ်။ မောင်နီက ကရင်လူမျိုးဖြစ်လို့ ကရင်လူမျိုးအားလုံး တရားခံလို့ စွပ်စွဲလို့ မရဘူး။ မဖြူက သတ်ရင် မဖြူသည်သာ တရားခံဖြစ်တယ်။ မဖြူက ကုလားမဖြစ်လို့ ကုလား အားလုံးကို လူသတ်ကောင်များလို့ စွပ်စွဲလို့ မရဘူး။ အလားတူ ဝန်ထမ်းတစ်ဦးက သတ်ရင်၊ ဝန် ထမ်း တစ်ဦးသည်သာ တရားခံဖြစ်တယ်- အဖွဲ့အစည်းတစ်ခုလုံးကို တရားခံအဖြစ် သတ်မှတ်လို့ မရဘူး ဆိုပြီး ခွဲခြားပြထားတာပါ။ တနည်းအားဖြင့် ရာဇဝတ်ကောင် တစ်ဦးအတွက် လူများစု၊ လူနည်းစုကို ရ မယ်ရှာပြီး လူမျိုးရေး အဓိကရုန်းများ ဖန်တီးတာတို့၊ ဥပဒေမဲ့ ပြုလုပ်တာတို့ ဖြစ်မလာစေဘို့ တားမြစ် ပါတယ်။ ဒီပညတ်က ဗုဒ္ဓဘာသာမှာလည်း ဒီအတိုင်းပါ။ အဲခြားနားတာတော့ ရှိတယ်။ ကိုယ်တော် ဂေါတမက ဘယ်လို အရေးယူပါလို့ ပညတ်ခဲ့ဘူး။ ရဟန်းတွေအတွက်တော့ ပါရာဇိကံသင့်တယ်လို့ ဆို ပါတယ်။ အဲ့ဒီ အတွက် ဥပဒေပြုဘို့ မပညတ်ခဲ့ဘူးလေ။

(ကုရ်အံအရ- ဉာဏ်စဉ်ဆောင်တွေမှာ နာမ်ပိုင်းဆိုင်ရာ (ဘာသာရေး) ကိုသာ ဦးဆောင်တဲ့ ဉာဏ်စဉ် ဆောင်တွေနဲ့ နိုင်ငံရေးရော ဘာသာရေးရော ဦးဆောင်တဲ့ ဉာဏ်စဉ်ဆောင်တွေ ရှိပါတယ်။)

အစ္စလာမ်မှာက- ပြစ်မှုအခြေအနေပေါ် မူတည်ပြီး သေဒဏ်က- လွတ်ငြိမ်းချမ်းသာခွင့်ထိ အဆင့်ဆင့်ပြ ဌာန်းနိုင်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် သေဒဏ်ကို လုံးဝ အားမပေးဘူး။ ပေးဆပ်မှု အမျိုးမျိုးနဲ့ (ဥပမာ ထောင်ဒဏ်၊ ငွေလျော်ဒဏ်) အမျိုးမျိုးနဲ့ ချေပပေးလို့ ရနိုင်မယ့် နည်းလမ်းတွေကို ဖန်တီးပေးရပါ မယ်။ အထူးသဖြင့် လွတ်ငြိမ်းခွင့်ဆီကို ဦးတည်ရပါတယ်။ (ဆိုက်ထဲက ကုရ်အံ ဘာသာပြန် ၂း၁၇၈၊ ၁၇၉ အောက်ခြေ ရှင်းချက်များကို ဖတ်ကြည့်ပါ။) သေဒဏ်ဆိုတဲ့ အဆင့်၊ စီးပွားရေး ပိတ်ဆို့တဲ့ အဆင့် က နိုင်ငံတော်ကို သစ္စာဖေါက်မှ ပေးနိုင်တဲ့ အဆင့်တွေ ဖြစ်ပါတယ်။ ဒီအတွက် ၅း၃၃ ကို ဖတ်ပါ- အောက်ခြေ ရှင်းလင်းချက်များကိုလည်း ဖတ်ပါ။ ဒီ ပြစ်ဒဏ်တွေအတွက် ခေတ်ကာလ၊ ယဉ်ကျေးမှု အသိုင်းအဝိုင်း၊ လူမျိုးစရိုက်များပေါ် မူတည်ပြီး ဥပဒေ ပညာရှင်များက ရေးဆွဲရမှာ ဖြစ်တယ်။ အဲ့ဒီ အခွင့်အရေးကို လူသတ်မှု ဥပဒေကို ပြဌာန်းတဲ့ ၂း၁၇၈-၁၇၉ နဲ့ တစ်ဆက်တည်းမှာ အို ပညာရှင် အပေါင်းတို့ သို့မှသာ စည်းစောင့်သူများ ဖြစ်နိုင်ကောင်း၏- လို့ ဆိုထားပါတယ်။ လူသတ်မှုကို အစ္စလာမ်က လုံးဝ ခွင့်မပြုကြောင်း- သတ်မိသူအား အပြစ်ပေးရန် အာဏာပိုင်တွင် တာဝန်ရှိကြောင်း၊ သို့သော် အာဏာပိုင်သည် ဥပဒေအား အလွဲသုံးစား မပြုလုပ်ရကြောင်း၊ ထိုအတွက် ဥပဒေ ရေးဆွဲရန် ဥပဒေ ပညာရှင်များကို အကူအညီ ခေါ်နိုင်ကြောင်း ၁၇း၃၃ မှာ ပြဌာန်းပေးထားပါတယ်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အဲ- စကားကြုံလို့။ အသက်အတွက် အသက်၊ မျက်လုံးအစား၊ မျက်လုံး၊ နားအစား နား၊ သွားအစား သွား၊ ဆိုတဲ့ ဥပဒေတွေက အစ္စလာမ် ဥပဒေတွေ မဟုတ်ဘူးနော်-၊ ခရစ်ယာန်သမ္မာကျမ်းစာက ဥပဒေ တွေပါ။ ဓမ္မဟောင်းမှာ ပါတာ ဆိုတော့ ခရစ်ယာန်တွေက သူတို့ ဥပဒေမဟုတ်ဘူး-ဂျူး (ရှေဝတီ) ဥပဒေတွေလို့ ပြောဆိုပါတယ်။ ဒါပေမယ့် အလျှဉ်းသင့်သလို မူဆလင်တွေကို ပုတ်ခတ်ချင်ရင်- အဲ့ဒါ တွေက အစ္စလာမ် ရဲ့ ဥပဒေတွေလို့ စွပ်စွဲလေ့ရှိတယ်။ တကယ်တော့ သမ္မာကျမ်းကို လက်ခံတာ ခရစ်ယာန်တွေသာ ဖြစ်ပါ တယ်။ သမ္မာကျမ်း ထွက်မြောက်ရာ ၂၁း၂၄ ကိုကြည့်ပါ။

စစ်ဥပဒေတွေကတော့ သီးခြားပါ- ခင်ဗျာ (စာမျက်နှာ ရှည်မှာ စိုးလို့)။

၄င်းအပြင် တိရစ္ဆာန်ကိုသတ်ရင်ရော အပြစ်ရှိသလား။

လူကိုသတ်တာနဲ့ အစားဝတ္ထုအတွက် တိရိစ္ဆာန်ကို သတ်တာ မတူညီပါ။ ကျွန်တော် လေ့လာမိ သ လောက် ကိုယ်တော်ဂေါတမ ချမှတ်တဲ့ ဝိနည်းမှာလည်း မတူညီဘူးလို့ တွေ့ရပါတယ်။ ပရာဇိကံမှာ လူ သတ်မှုကိုပဲ ပါရာဇိက အာပတ်သင့်တယ်သုံးပြီး တိရိစ္ဆာန်ကို သေစေရင် ပါစိတ် အာပတ်သင့်တယ် လို့ ပြောပါတယ်။ (ဒါ ရဟန်းတွေကို ပြောတာနော်)။ အပြစ်ခြင်း မတူဘူးဆိုတာကို ပြောတာပါ။ ဒီအတွက် နောက်မှ ဆက်ဆွေးနွေးပါမယ်။ မဆွေးနွေးမှီ- ငါးပါးသီလ ဆိုတာ ကိုယ်တော်ဂေါတမက ပညတ်တာ လား၊ ဂရုဓမ္မသီလခေါ် ယခင်က ရှိပြီးသား သီလများကို ကိုယ်တော်ဂေါတမက အတည်ပြုတာလား ရှုပ အရင်လေ့လာစေချင်ပါတယ်။- ဒီတော့မှာ လူနဲ့ တိရိစ္ဆာန်တို့ရဲ့ အသက်များကို ခွဲခြားလို့ ရမှာပါ။

ဟာလာလ်နည်း (ခွင့်ပြုထားတဲ့နည်း)နဲ့ သတ်ရင်ရော အပြစ်ရှိသလား မရှိဘူးလား။ သို့ ဆိုးကျိုးရှိသ လား။

ငါးပါးသီလနဲ့ ဂရုဓမ္မသီလများ၊ ပါရာဇိကံနဲ့ ပါစိတ်ကံများ၊ ဇီဝနဲ့ ပါဏ ဆိုတာများကို ရှုပ နဲနဲလေ့လာ လိုက် ပါ။ ပြီးတော့ နားလည်သလောက် ကျွန်တော့ကို ပြန်ဆွေးနွေးပေးပါ။ နို့မဟုတ်ရင် ဒီကိစ္စက နားလည်မှု လွဲနိုင်သလို၊ ဘဝင်ကျတဲ့ အဖြေလည်း ရလာမှာ မဟုတ်ပါ။

တစ်ခုတော့ ရှိပါတယ်။ ဘယ်လို သတ်သတ် ဖြုန်းတီးခြင်းဖြစ်ရင် အပြစ်ရှိပါတယ်။ ဒါကို ကုရ်အံမှာ وَكُلُواْ وَاشْرَبُواْ وَلاَ تُسْرِفُواْ စားကြလော့၊ သောက်ကြလော့ မဖြုန်းတီးကြကုန်လင့် လို့ ဆိုထားပါ တယ်။ (ကျွန်တော် အာရ်ဗီလို ထည့်ထည့် ဖေါ်ပြတာကို စိတ်မရှိပါနဲ့ ကျွန်တော် ပြောတဲ့ အဓိပ္ပါယ်က မှန်တယ် မမှန်ဘူးဆိုတာ အာရ်ဗီစာ တတ်သူတွေ ဖတ်နိုင်စေဘို့ပါ။) ဖြုန်တီးခြင်း မဟုတ်ဘဲ၊ စည်း ဖေါက်ခြင်း မဟုတ်ဘဲ အစားအစာဝတ္ထု အဖြစ် ကောင်းမွန်သော နည်းလမ်းနဲ့ ဇိဝိန်ချုပ်စေတာကို ခွင့်ပြုပါတယ်။ အခြေအနေမှာ မူတည်ပြီး တားမြစ်ထားတာလည်း ရှိတယ်။ ဥပမာ ဟာ့ဂျ်ခေါ် ဒုလ္လဘ ရဟန်းခံစဉ် ကာလ မှာပါ။

၄ ဖြေရှင်းချက်များကို ပြန်လည်ဆွေးနွေးချက်များ

၁။ ပထမပြောချင်တာက ဉာဏ်စဉ်တော်ဆောင်များ သူ့ကိုယုံကြည်ပါ။ ထာဝရဘုရားကို သို့ အလ္လာဟ် ကို ယုံကြည်ပါလို့ ပြောခဲ့ကြပေမယ့် ကျွန်တော်လေ့လာရသလောက် ရှင်ဂေါတမဟာ သုတ်တော် တစ် ခုမှာ (ကာလမသုတ် ထင်ပါတယ်) ဘယ်သူ မဆို နာကြားရသော လေ့လာရသော တရားများကို မယုံကြည် သင့်တဲ့ အချက် ၁၀ ချက်ပြောခဲ့ပါတယ်။ အဲဒီထဲမှာ တစ်ချက်က “ငါ( ရှင်ဂေါတမ ) ပြော တယ် ဆိုပြီးလဲ မယုံပါနဲ့” လို့ ပြောခဲ့ပါတယ်။ ၄င်းအချက်ကို ကြည့်ခြင်းဖြင့် ရှင်ဂေါတမက သူ့ကိုယုံဖို့ မပြောခဲ့ပါဘူး။ ၄င်းသုတ်တော်မှာပဲ နာကြားရတဲ့တရားကို ဆင်ခြင်ဉာဏ်နဲ့သာ ချင့်ချိန်ယုံဖို့ပြောခဲ့ပါတယ်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အင်မတန်ကောင်းတဲ့ တရားပါ။ ဟုတ်ပါတယ်– ကလာမ သုတ်မှာ ဆိုထားပါတယ်။ ဒီထက်ကောင်းတဲ့ တရားတွေ ဥပမာ မဂ္ဂင်ရှစ်ပါးလို ဟာမျိုးတွေ အများကြီးပါ။ ဒါပေမယ့် ဒီလိုပြောတဲ့ စကားတစ်ခွန်းကို ကောက်ယူပြီး– ဗုဒ္ဓကို ယုံကြည်စရာ မလိုဘူး။ သူပြောတာတွေက လက်တွေ့တစ်ကယ်မှန်မှ ယုံကြည်ပါလို့ ကောက်ယူရင်–

ရဟန်းသံဃာတွေက ဆင်သား၊ မြင်းသား မစားရဘူးပေ့ါဗျာ။ ဘာကြောင့်လည်းဆိုတော့– မင်းတွေ ဘုရင်တွေရဲ့ အသုံးအဆောင်ဖြစ်လို့တဲ့။ ဒါဆို– ဒီခေတ်မှာ မင်းတွေ ဘုရင်တွေက ဆင်တွေ မြင်း တွေကို မသုံးတော့ဘူးဆိုတော့–- စားလို့ ရသွားပြီလို့ သုံးသပ်မလား။ ကိုယ်တော်ဂေါတမပေးတဲ့ အ ကြောင်းပြချက်က– ကာလမ သုတ်နဲ့ ပြန်လည် ချိန်ကိုက်ရင် လက်တွေ့ မဆန်ဘူး ဖြစ်နေတယ်။ ဒီ အခြေအနေမှာ ရှုပ အနေနဲ့ ဘယ်လို ဆုံးဖြတ်မလဲပေ့ါ။

နောက်တစ်ခုက– ဓမ္မပဒ ၁၈၈၊၁၈၉ မှာ ဤသို့ တောတောင်၊ သစ်ပင် အထင်ကရ စေတီပုတိုးများ (အာရမ်မဏ္ဍများ)ကို ကိုးကွယ်ကြောင့် ဒုက္ခခပ်သိမ်းမှ မလွတ်မြောက်နိုင်၊ ဘေးကင်းသော ကိုးကွယ်ခြင်း မဟုတ်။ အမှန်တကယ် ကိုးကွယ်ထိုက်တာက ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ တွေသာ ဖြစ်တယ်လို့ ဆိုထားတာတွေကို ဘယ်လို စဉ်းစားမလဲ ရှုပ။

ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ဆိုတာတွေကို မယုံကြည်ရင် ကိုးကွယ်စရာ ဖြစ်လာမလား–။ ကိုးကွယ်ဘို့ ခိုင်းတာ (သို့မဟုတ် တိုက်တွန်းတာ သို့မဟုတ် သွန်သင်တာ) ယုံကြည်ဘို့ ခိုင်းတာပဲ မဟုတ်လား။ ကျွန်တော် နားလည်မှု လွဲနေရင် ရှုပ ပြန်ဆွေးနွေးပါ။

စကားတစ်ခွန်းပြောတိုင်းမှာ အခြေအနေတွေ ရှိပါတယ်။ ရှင်ဂေါတမက (အန္ဒိယ) တောင်ပိုင်းသားတွေကို စကားပြောဟန်နဲ့ မြောက်ပိုင်းသားတွေကို စကားပြောနည်း မတူပါဘူး။ မြောက်ပိုင်းသားတွေက အဲ့ဒီ အချိန်က ပညာတတ်တယ်။ ပိုးလမ်းမတလျှောက် အဆက်အသွယ်နယ် ကမ္ဘာ့အရပ်ဒေသတော်တော်များများက အသိပညာတွေကို ရခဲ့တယ်။ အဲ့ဒီလူတွေကို စကားပြောတဲ့အခါမှာ ယုတ္တိဗေဒနဲ့ ပညာ တတ်ဆန်ဆန် စကားပြောတယ်။ (ကလာမသားတို့က မြောက်ပိုင်းသားတွေ ဖြစ်ပါတယ်)။

တောင်ပိုင်းသားတွေက ရှင်ဂေါတမ ခေတ်ကာလက ပညာအားနည်းတယ်။ ကမ္ဘာ့အဆက် အသွယ် အားနည်းတယ်။ ရှင်ဂေါတမက– သူတို့ကို စကားပြောတဲ့ အခါမှာ နိဗ္ဗာန်တွေ၊ ငရဲတွေကို များများသုံး ပြီး စကားပြောတယ်။ (အပေါ်ယံ အမြင်အရ မြှောက်ပင့်မှု၊ ခြိမ်းခြောက်မှုတွေလို့ မြင်နိုင်တယ်ပေ့ါ။– တကယ်တော့ နားထောင်သူ ပရိတ်သပ် နားနဲ့ဆန့်တာကို ပြောခြင်းပါ)။ တောင်ပိုင်းသားတွေက ရှင်ဂေါတမ ပရိနိဗ္ဗာန်ပြုပြီး နှစ်တစ်ထောင်လောက်မှ ရေကြောင်းခရီးက ကမ္ဘာမှာ အသုံးဝင်လာလို့ တိုးတက်သွားတာပါ။

ကုရ်အံကျမ်းကို ဖတ်ကြည့်ပါ။ အခန်း(၁) ဆုတောင်းစာ ၇ ကြောင်းပဲ ပါပါတယ်။ အခန်း (၂) ကုရ်အံ တစ်အုပ်လုံးအတွက် တရားကိုယ်အတွက် အစလို့ ဆိုနိုင်တယ်။ အဲ့ဒီ အစမှာကတည်းက ဤသည် ကျမ်းတော် (စာအုပ်) ဖြစ်တယ်။ စည်းစောင့်သူများအတွက် လမ်းညွှန် ဖြစ်တယ်လို့ ဆိုထားတယ်။ စာ အုပ်ဆိုတာ ဖတ်ဘို့၊ လေ့လာဘို့– ဖြစ်ပါတယ်။ ကိုးကွယ်ဘို့ ရှိခိုးဘို့ မဟုတ်ဘူးလေ။ အဲ့ဒီမှာ အလ္လာဟ် ကိုယုံပါ။ မုဟမ္မဒ်ကို ယုံပါ– အဲ့ဒီပြီးမှ ဒီကျမ်းကို ဆက်ဖတ်ပါလို့ ဆိုထားတာ လုံးဝ မရှိပါဘူး။ ကျမ်းကို သံသယ ဖြစ်ဘွယ် မရှိဘူးလို့ အာမခံချက်ပေးထားတာ ပါပါတယ်။ ပြီးတော့ လူအမျိုးအစားတွေကို ခွဲပြတယ်။ ယုံကြည်သူ– ငြင်းဆန်သူ။ ယုံကြည်ဟန်ဆောင်သူ၊ ယုံကြည်သူများအား အပြစ်ဆိုသူ။ အဖျက် အမှောင့်ပြုသူ– စသည်ဖြင့် လူတန်းစားကို စတင်ခွဲခြားပြတယ်။ ရှုပ အနေနဲ့ ရှုပ ပတ်ဝန်းကျင်က မိတ် ဆွေရင်း ဗုဒ္ဓဘာသာဝင်များကို ဗုဒ္ဓက ပြောတဲ့ အမှန်တကယ် ပြောတဲ့ အကြောင်းအရာ တစ်ခုကို ပြော ကြည့်ပါ။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

သူတို့ သိထားတဲ့ မိရိုးဖလာနဲ့ မတူတာကိုပေါ့။ ဥပမာ မဇ္ဈိမနိကာယ တေဝဇ္ဇသုတ်မှာ ဗုဒ္ဓ ကိုယ်တိုင် ပြောထားတဲ့ သူဟာ- အစဉ်အမြဲ မပြတ်တမ်းသိနေတဲ့ သဗ္ဗညုဉာဏ်ကို ရသူမဟုတ်။ တကယ်လို့ တစ်စုံတစ်ယောက် ဂေါတမသည် အစဉ်အမြဲ မပြတ်တမ်းသိနေတဲ့ သဗ္ဗညုဉာဏ်ကို ရသူ လို့ ပြောရင် ပြောသူဟာ ငါ့ကို စော်ကားသူ၊ ငါနဲ့ စပ်လျဉ်းပြီး လိမ်လည်မှုသားပြောဆိုသူသာ ဖြစ်တယ်။ ငါဟာ ဉာဏ်စဉ် အဆင့်မှာ သိနိုင်အား သုံးဆ ရှိသူသာ ဖြစ်တယ်။ လို့ ဆိုထားပါတယ်။ ဒီ အကြောင်းကို ရှုပရဲ့ ဗုဒ္ဓဘာသာ အသိုင်းအဝိုင်းမှာ ပြောကြည့်ပါ။ ပိဋကတ်တော်ထဲမှာ အမှန်ပါတဲ့ အရာကို ရှုပပြောပေမယ့် အဲ့ဒီ စကား၊ အဲ့ဒီစာကြောင်းကို မျက်လုံးနဲ့ကိုယ်တိုင် မြင်ရသူများကိုယ်တိုင် က ရိုးရိုးရှင်းရှင်း လက်ခံသူ။ မဖြစ်နိုင်ဘူး- ဘာသာပြန်မှားတာ။ သို့မဟုတ် အဋ္ဌကထာဆရာတော် တွေထည့်ထားတာ- စသည်ဖြင့် ငြင်းဆန်သူ။ အချို့က ရှုပရှေ့မှာ အဲ့ဒီ စာကြောင်းကို တစ်ကယ်တွေ့ရ လို့ လက်ခံပါတယ်ဆိုပြီး ပါးစပ်က ပြောပေမယ့်- နှစ်လုံးသားမှာ အစွဲရှိပြီးအရာကို သံရိုက်ထားသူ။ အမှန်တရားအား လက်ခံသူများအား အပြစ်ဆိုသူ။ အပျက်အမှောင့်ပြုသူတွေကို ကိုယ်တိုင်တွေ့ရပါ လိမ့်မယ်။ ဒါ- လူတွေရဲ့ အမျိုးအစား ဖြစ်ပါတယ်။ အဲ့ဒီလို လက်တွေ့မှန်လာရင်- ကာလမသုတ်တော်ပါ အဆုံးအမ အတိုင်း ရှုပကိုယ်တိုင် လက်တွေ့မှန်တဲ့ ကုရ်အံကို ယုံကြည်နိုင်မလား။

အလ္လာဟ်ဆိုတာကို နားမလည်သေးရင် ဗုဒ္ဓကျမ်းက ပြောတဲ့ သက်တမ်း သုံးသောင်း၊ လေးသောင်းကို ခဏဖယ်ထားသလို ဖယ်ထားလေ။ နားမလည်သေးတာက- လက်တွေ့ မဟုတ်သေးဘူး ဆိုတော့ ကာလမသုတ်အရ အပြစ် မရှိဘူးပေါ့။ လက်တွေ့မှန်တာကို လက်မခံရင်- ကာလာမသုတ်အရ အပြစ် မသင့်ဘူးလား။ ဆင်ခြင်ပေါ့ ရှုပ။ (လက်တွေ့မှန်ခြင်း ဆိုတာကို လက်မခံခြင်း အကျိုး၊ အပြစ်နော်- ငရဲကျမယ် ငနီကျမယ်ဆိုတဲ့ အပြစ်မဟုတ်ဘူး။)

၂။ ဗုဒ္ဓဘာသာက ပေါ်ထွန်းလာတာ နှစ်ပေါင်း ၂၅၀၀ ကျော်ပြီဖြစ်ပါတယ် ဒီအတောအတွင်း အဆိုပြုချက်များ(ကျမ်းများ) ပြင်ဆင်ခြင်း ဖြည့်စွက်ခြင်း များရှိနေနိုင်ပါတယ်။ ပုံပြင်ထဲ ထည့်လိုက်နိုင်ပါတယ်။ ဒါပေမယ့် မပြင်ဆင်သေးတဲ့ ကျမ်းများလဲရှိနေနိုင်သေးပါတယ်။ ထိုကဲ့သို့ ပြင်ပြီး ကျမ်း မပြင်ရသေး သောကျမ်းများရဲ့ အဆိုပြုချက်များကိုလဲ အခုလိုပဲ ဆွေးနွေးခြင်း သုံးသပ်ဆင်ခြင်ခြင်းနဲ့သာ မိမိ ယုံ ကြည်မှုမမှားအောင်ပြုလုပ်နိုင်မှာပါ။

ကိုယ်တော်ဂေါတမ ဉာဏ်စဉ်ကိန်းဝပ် သိပြီး ပြောတာကို မပစ်ပါယ်ပါဘူး။ ကုရ်အံကျမ်းကလေည်း ရှေးကျမ်းများကို ပြန်လည်ဖြောင့်မှန်စေသော ကျမ်းလို့ပဲ ဆိုထားပါတယ်။ ရှေးကျမ်းများကို ပစ်ပယ်လိုက်သော ကျမ်းလို့ မဆိုပါဘူး။ ဖြောင့်မှန်စေတယ်ဆိုတာ- ဉာဏ်စဉ်ဆောင်တစ်ပါး ရဲ့ ပကတိ ဉာဏ်စဉ်သိတရားကို အဋ္ဌကထာဆရာတော်များရဲ့ ပုံပြင်တွေ၊ လူ့အတွေးအခေါ်တွေနဲ့ ရောစပ်လိုက်တာက- အဲ့ဒီ ပုံပြင်တွေ၊ လူ့ အတွေးအခေါ်တွေကို ပြန်လည်သန့်စင်ပေးတယ်လို့ပဲ အဓိပ္ပါယ်ပေးပါတယ်။

ကုရ်အံကို နားလည်စွာ ဖတ်ပြီးသူတစ်ဦးက ပိဋကတ်ကိုဖြစ်စေ၊ သမ္မာကျမ်းကို ဖြစ်စေ ဖတ်ရင် ကုရ်အံကို မဖတ်ဘူးတဲ့ သူတစ်ဦးဖတ်ခြင်းနဲ့ နားလည်မှု အလွန်ကွာခြားပါတယ်။ ဘယ်ဟာက ဉာဏ်စဉ်နဲ့ ပြောခဲ့တာ။ ဘယ်ဟာက ဖြည့်စွပ်ခံရတာ လုံး၀ သိနေပါတယ်။ (ကောင်းတဲ့ စေတနာနဲ့ ဖတ်ရင်ပေါ့ လေ။ အပြစ်တင်ဘို့ အမှားရှာမယ်၊ ယုတ္တိမဲ့တာ ရှာမယ်ဆိုတော့- တစ်မျိုးပေါ့။ ဒါပေမယ့် ယုတ္တိမဲ့တဲ့ ပုံပြင် တစ်ခုကို တွေ့တိုင်း သက်ဆိုင်ရာ ဉာဏ်စဉ်ဆောင်ကို အပြစ်တင်ခွင့် မရှိဘူး။ နောက်ပေါက် တပည့်တွေက ဇီကာချဲ့ထားတာကြောင့် သက်ဆိုင်ရာ ဉာဏ်စဉ်ဆောင်ကို မပြစ်မှားဘို့ ကုရ်အံမှာ အကြိမ်ကြိမ် သွန်သင်ထားပါတယ်။)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အကယ်လို ဒီလို ပြင်ထားတယ် ရောနေဘီ ဆိုတိုင်း အဆိုပြုချက်များကို ပစ်ပယ်မယ်ဆိုရင်၊ အစ္စလာမ် ဘာသာရဲ့ ကုရ်အံ ကျမ်းလဲ ပြုပြင်ခြင်း ခံထားရတဲ့ သမိုင်းများ ရှိနေပါတယ်။

ရှုပရေ- အဲ့ဒီ သမိုင်းကိုတော့ ကျွန်တော် စိတ်ဝင်စားတယ်ဗျာ။ ဖြစ်နိုင်မယ်ဆိုရင် ဆွေးနွေးပေးပါ။ ကျွန်တော်က ဘယ်အရာကိုမှ မျက်လုံးမှိတ် မယုံတတ်ပါဘူး။ အတွေ့အကြုံတော့ ရှိတယ်- ၁၉၉၉ ခုနှစ်က ထိုင်းနိုင်ငံ နယ်စပ်မှာ ကျွန်တော်နေခဲ့တော့- ကုရ်အံနှစ်မျိုးရှိတယ်လို့ စာအုပ်တစ်အုပ် ဖတ်ရတယ်။ အဲ့ဒီ စာအုပ်မှာ အခုလက်ရှိ ကျွမ်းစံထားတဲ့ ကုရ်အံအပြင် အခြားသော ကုရ်အံစာအုပ်တစ်ခု ရှိတယ်ပေါ့။ အဲ့ဒီ စာအုပ်ကို ရှီယာမူဆလင်တွေက ယုံကြည်တယ်ပေါ့။ လက်ရှိကုရ်အံမှာ မပါတဲ့ ကဏ္ဍတစ်ခု စူရာဟ် ဝေလာယာတ် (ရဟန္တာဖြစ်ခြင်း) ဆိုတာ အပိုပါတယ်ပေါ့ဗျာ။ ကနေဒါနိုင်ငံ ဘိုင်ဘယ် ဆိုဖိုက် တီက ထုတ်တာပါ။ အဲ့ဒီ ကဏ္ဍကိုလည်း အာရ်ဗီလိုပါ ဖေါ်ပြထားတယ်။ ကျွန်တော်က အာရ်ဗီစာကို ဖတ်ကြည့်တော့- ကုရ်အံဟန်၊ ကုရ်အံမူနဲ့ မကိုက်ညီ ဖြစ်နေတယ်။ (ကုရ်အံမှာ အသံထူးခြားမှု ရှိတယ်။ သံစဉ်ရယ်၊ ဟန်ရယ်၊ မူရယ်၊ ဝါကျတည်ဆောက်မှုရယ်၊ သဒ္ဒါရယ်) ဒါကို ဘယ်အာရ်ဗီစာကမှ ကျော် လို့ တုလို့ မရပါဘူး။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ်- ဒီကိစ္စကို သိချင်တယ်လေ။ ဒါကြောင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့က အီရန် သံရုံးကို ရောက်အောင် သွားလိုက်တယ်။ အီရန်က ရှီယာမူဆလင် အဓိကမဟုတ် လား၊ ပြီးတော့ အဲ့ဒီ သံရုံးမှာ အီရန်ယဉ်ကျေးမှုဌာန သီးခြားရှိတယ်။ သူတို့ လက်ခံသမျှ၊ ထုတ်သမျှ စာအုပ်တွေ အားလုံး ရှိတယ်။ ကျွန်တော်က အီရန်နိုင်ငံက ပြန်ဆိုတဲ့ ကုရ်အံကျမ်းနဲ့ အီရန်မူကို လိုချင်တယ်လို့ တောင်းဆိုတော့- သံအမတ်ကြီးက အီရန်သံရုံးတံဆိပ်ထုပြီး ကုရ်အံဘာသာပြန်တွေ (မူရင်း အာရ်ဗီနဲ့တွဲပြီး) စာအုပ်တွေ၊ တစ်အုပ်ချင်း တစ်လုံးချင်းပြန်တဲ့ စာအုပ်အတွဲတွေ၊ ဒါ့အပြင် အီရန်ရဲ့ ဖွဲ့ စည်းပုံကိုပါ လေ့လာပါလို့ ပေးလိုက်ပါတယ်။ ဘာသာပြန်အယူ အချို့မတူတာက လွဲပြီး- မူရင်းအာရ်ဗီ လို တစ်လုံးတစ်ပေါက် မလွဲတွေ့ရပါတယ်။ ကျွန်တော် ဒီနေ့ထိ သိမ်းထားတုန်းပါ။

သိပ်မကြာမီက ကနေဒါ ဘိုင်ဘယ်ဆိုဖိုက်တီကပဲ ဆီးရီးယားမှာ တူးဖေါ်ရင်း ကုရ်အံမူကွဲ တစ်ခု ကြေငြာပြန်တယ်။ အဲ့ဒီ ဇစ်မြစ်ကို ကျွန်တော်စိတ်ဝင်စားလို့ လိုက်ပြန်တယ်။ ဒါပေမယ့်- သူတို့ပြောတဲ့ မူကွဲ ဆိုတာ- စာတွေ၊ မှင်တွေ၊ ပျက်နေလို့ ဖတ်မရဘူးတဲ့- ကဲကောင်းရောဗျာ။ လိမ်ရင်လည်း ပိပိယိယိ လိမ်ပေါ့။ ကုရ်အံသမိုင်းကို ပြန်-လိုက်ရင်- ကိုယ်တော်မုဟမ္မဒ်လက်ထက်က မူရင်း မိတ္တူနှစ်အုပ်ထားခဲ့တယ်။ နိုင်ငံတော်က မူပိုင်အဖြစ် သတ်မှတ်တယ်။ ဒီနေ့စကားနဲ့ ရေဂျစ်စတာလုပ်တယ်ပေါ့။ ဒါ ပေမယ့် အသံ ၆ မျိုးနဲ့ဖတ်တယ်။ ကိုယ်တော့- သာဝကအရင်းဖြစ်တဲ့ အွတ္ထမန်လက်ထက်မှာ အစ္စလာမ်ဟာ အာရပ် မဟုတ်တဲ့ လူမျိုးတွေဆီကို ပြန့်လာတယ်။ အဲ့ဒီအခါ- အသံပေါ်မူတည်ပြီး အဓိပ္ပါယ်ကောက် လွဲမှာ စိုးလို့ အသံတစ်သံတည်းကိုပဲ အသိအမှတ်ပြု ရေဂျစ်စတာလုပ်တယ်။ အသံထွက် သင်္ကေတထည့်တယ်။ ဒီလို အသံကို မူပိုင်လုပ်တာက ကိုယ်တော် ပရိနိဗ္ဗာန်ပြု ပြီးနှစ် ၂၀ ကျော်မှာ ဖြစ်တယ်။ အွတ္ထမန် သမ္မတ မဖြစ်မီ၊ အိုမာရ် သမ္မတော့ဖြစ်တော့ ကုရ်အံကို ကိုင်ပြီး ကျမ်းကျိန်တယ်။ ကိုယ်တော်မုဟမ္မဒ် ပရိနိဗ္ဗာန် ပြုပြီး ၆ နှစ်အကြာမှာပါ။ ကိုယ့်တော့ သာဝကတွေထဲမှာ ကုရ်အံကို အလွတ်ရတဲ့သူတွေ အများကြီး ရှိတယ်။ ဒီခေတ်မှာတောင် မူဆလင်ရှိတဲ့ လမ်းတိုင်း ရွာတိုင်းမှာ အနည်းဆုံး တစ်ယောက်က ကုရ်အံကို အလွတ်ရကြတယ်။

တကယ်လို့ ကုရ်အံကို တစ်စုံတစ်ယောက်က မူပြင်ရင် အဲ့ဒီလူဟာ သမ္မတဖြစ်စေ၊ မူဆလင်တွေက အသေခံလုပ်ကြံသွားမှာ ဖြစ်တယ်။ ဒီတော့ မူဆလင်ထဲက ကုရ်အံကို ဘယ်သူမှ မထိရဲ မတို့ရဲဘူးလေ။ အာဏာရှင်တွေက ကုရ်အံကို မပြင်ရဲတော့- နားမလည်အောင် ဖတ်နေဘို့ လမ်းကြောင်းကိုပဲ လွှဲပေးခဲ့တယ်။ ဂိုဏ်းတွေကွဲတာလည်း နိုင်ငံရေး အာဏာလုမှုတွေကြောင့်ပါ။ ကုရ်အံကြောင့် မဟုတ်ဘူး။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ယုတ္တိဗေဒ ရှုဒေါင့်က ကြည့်ရင်- ဒီလောက် မူဆလင်တွေ ကွဲပြဲနေပေမယ့်၊ ကုရ်အံက အစက်အပေါက် မလွဲတူနေတယ်။ နောက်ဆုံး အွစ္စမန်လက်ထက်က မိတ္တူကူးပြီး ရုရှားနိုင်ငံကို ပို့ခဲ့တဲ့ ကုရ်အံနဲ့ ဒီနေ့ ပုံနှိပ်ကုရ်အံနဲ့ တစ်လုံးမှ မလွဲပါဘူး။
ခေတ်ကာလ၊ ပြန်ဆိုသူ- စတဲ့ အနေအထားမှာ ဘာသာပြန်တွေ ကွဲလွဲချင်- ကွဲလွဲမှာပါ။ ဒါကြောင့် ဒီနောက်ပိုင်းမှာ မူဆလင်တွေက ကုရ်အံကို ဘာသာပြန်ရင် မူရင်း အာရ်ဗီကို တစ်ပိုဒ်ခြင်းဖြစ်စေ၊ တစ်လုံးချင်းဖြစ်စေ ပါအောင်ထည့်ပါတယ်။
ခေတ်အဆက်ဆက်မှာ မူဆလင်ဆိုတာ အတိုက်ခံရတဲ့ ဘာသာဖြစ်ပါတယ်။ မီဒီယာအားဖြင့်- နိုင်ငံရေးအကြောင်းပြခြင်းဖြင့်၊ တကယ်လို့ ကုရ်အံမှာ နှစ်မျိုးသို့မဟုတ် မူကွဲတွေ ရှိတယ်ဆိုရင်- ဒီသတင်းက ဘယ်သူမှ ဖုံးဖိထားလို့ ရမယ့်ကိစ္စမဟုတ်ပါ။ မူဆလင်တွေက ဖုံးဖိထားရင်တောင်- မူဆလင်မှာ ဂိုဏ်းကွဲတွေ ရှိနေတော့- အုပ်စုတစ်စုစုက မူကွဲတစ်ခုတစ်ခုကို လက်ခံထားမှာပဲ။
မူဆလင်က ခွဲထွက်သွားတဲ့ ဘဟာအီ၊ မူဆလင်နဲ့ အင်နိုဗိတ်လုပ်ထားတဲ့ ကာဒယာနီ တို့က ဒီကြောင်းတွေကို ဖေါ်မှာပါဘဲ။ ဒါပေမယ့်- အဲ့ဒီ အဖွဲ့အစည်း၊ ဂိုဏ်းတွေကိုယ်တိုင်က ကုရ်အံကို သူတို့အယူနဲ့ ဖွင့်ဆိုတာက လွဲ နောက်တစ်မျိုးအကြောင်းကို မပြောကြဘူးလေ။
အထူးသဖြင့် ကုရ်အံမှာ မူကွဲရှိတယ်- ပြင်ဆင်ခံထားရတယ် ဆိုရင် ဗဟာအီ ကတော့ တီးမှာ သေချာတယ်။ သူတို့က အစ္စလာမ်ဆိုတဲ့ ခေါင်းစဉ်အောက်ကို ထွက်ခွာသွားတာပါ။ အစ္စရေးလ်က အထောက်အပံ့ပြုထားပါတယ်။ ဌာနချုပ်က အစ္စရေးလ်နိုင်ငံ တဲလ်အဗစ်မြို့မှာ ရှိတယ်။
ဗဟာအီပေါင်းများစွာနဲ့ ကျွန်တော်ဆွေးနွေးဘူးပါတယ်။ သူတို့ကို ဒီအကြောင်းတွေလည်း မေးဘူးတယ် ဒါပေမယ့် သူတို့က ကုရ်အံအကြောင်းကို မူကွဲရှိတယ်လို့ မဟာရဲဘူး ဖြစ်နေတယ်။
အခု ရှုပဆီက ကုရ်အံလည်း ပြုပြင်ခြင်းခံရတဲ့ သမိုင်းများ ရှိတယ်ဆိုတော့- ကျွန်တော်စိတ်ဝင်စားပါတယ်- ခင်ဗျား။ ဖြစ်နိုင်ရင်- အတိအကျ ဆွေးနွေးပေးစေချင်ပါတယ်။ ရိုးသားစွာ စိတ်ဝင်စားလို့ပါ။
(ကျွန်တော်အမြင်အရတော့ မပြင်ဆင်ရသေးတဲ့ အနစ်သာရ မပျက်သေးတဲ့ တရားများရှိသေးတယ်လို့ ထင်ပါတယ်။ ကိုထွန်းထွန်းအောင်က တော့ ပုံပြင်ထဲ ထည့်ပစ်လိုက်ကြဘီလို့ထင်နိုင်ပါတယ်။ အသက်သောင်းဂဏန်းရှိတဲ့သဘောတရား၊ သံသရာကို လူတွေ နတ်တွေ တိရစ္ဆာန်တွေဖြစ်ဖြစ်ပြီး လည်နေတဲ့ အဆိုတွေကို ပယ်တယ်ထားပါတော့၊ သစ္စာလေးပါးဟောတဲ့ တရားနဲ့ ကြောင်းကျိုးတရား (ပဋိစ္စ သမု ပဒ်) တို့ စတဲ့ တရားများကို ရောဘာကြောင့် ပယ်လိုက်သလဲ ကျွန်တော် သိချင်နေမိပါတယ်။)
( ဒီအမြင်က ပုဂ္ဂလိက အမြင်တွေမို့ မဆွေးနွေးရင်လဲရပါတယ်)
အပေါ်မှာ ပြောခဲ့ပါပြီ။ အားလုံးတော့ မဟုတ်ပါဘူး။ ဒါပေမယ့်များပါတယ်- အနှစ်သာရရှိတဲ့ ဉာဏ်စဉ်သိမ္မေအစစ်ကို ကုရ်အံက မပါယ်သလို၊ လက်တွေ့မှန်တဲ့ အမှန်တရားတွေကို ပစ်ပယ်ဘို့ မသွန်သင်ပါဘူး။ အစ္စလာမ်က ဉာဏ်စဉ်ဆောင်တွေ အားလုံးကို တန်ဘိုးထား လေးစားတယ်။ ပဋိစ္စသမုပဒ်မှာ အဝိဇ္ဇာက စတယ်ဆိုရင်- လည်ပတ်မှု သဘောတရားအရာ အဝိဇ္ဇာမှာပဲ ဆုံးရမှာလေ။ စကားလုံးမဲ့ တစ် ခုမှာ ချုပ်ငြိမ်းခြင်းတယ် (ဆုံးတယ်) ဆိုရင်- အဝိဇ္ဇာထဲကို မဝင်မီ စကားလုံးမဲ့ တစ်ခု ရှိရမယ် ဆိုတာကို ဆက်ပြီး စဉ်းစားဘို့ဘဲ အစ္စလာမ်က သွန်သင်တာပါ။ ဒီသဘောတရားတွေကို ကုရ်အံက ပြောတဲ့ နာ့ဖ်ဆိ အမာရာဟ်၊ နာ့ဖ်ဆိလောင်ဝါမာဟ်၊ နာ့ဖ်ဆိမုတ္တအိနာ တွေထိ သိဘို့ လိုပါတယ်။ ဒါတွေက ဝိပဿနာ အဆင့်ပါ။ လူတိုင်းက ဒီအဆင့်တွေမှာ ကျင်လည်ရတာ မှန်ပေမယ့်- လူတစ်ရာမှာ ၅ ယောက်လောက် ပဲ ပဋိစ္စသမုပဒ်ကို လေ့လာကျက်မှတ်ကျင့်ဆောင်နိုင်အားပါတယ်။ အစ္စလာမ်က လူတစ်ရာမှာ ငါး ယောက်လောက်ပဲ လုပ်နိုင်အားတာကို ရေးကြီးကွင်းကျယ် သိပ်ဖေါ်မပြတော့ အစ္စလာမ်မှာ မရှိဘူး ထင်နေ

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

တာပေါ့။ လူတစ်ရာမှာ ၇၀ လောက်လိုက်နာကျင့်ဆောင်နိုင်မယ့် စည်းကမ်းတွေ။ လူတစ်ရာ မှာ ၈၀ လောက် အတူအကွပြုလုပ်နိုင်မယ့် ကျဲကူးရေပါ ကျင့်ဆောင်မှုတွေကို အလေးပေးဖေါ်ပြပါတယ်။ လူတစ်ရာမှာ တစ်ရာကတော့ တရားခမ္မဖြစ်တဲ့ ကုရ်အံကို တတ်နိုင်တဲ့နည်းနဲ့ ကာကွယ်ထားဘို့သွန် သင်ထားတယ်လေ။ တရားခမ္မ ကွယ်ပျောက် မသွားရင် ခေတ်တိုင်းကာလတိုင်းမှာ ဝိပဿနာကို ကျင့် ဆောင်လိုသူတွေ ပေါ်လာတိုင်း မူရင်းမပျက် သွန်သင်မှုအတိုင်း ကျင့်ဆောင်နိုင်တာပေါ့။

၃။ အလ္လှာဟ်ဟာ ဉာဏ်စဉ်တော် သံသရာ၊ ဓမ္မ တို့ရဲ့ ဇစ်မြစ် ဆိုတဲ့ အဆိုပြုချက်ကို လက်ခံဆွေးနွေး ထားတာ မေးခွန်း၃ ကို ပြန်လည်ဆွေးနွေးတဲ့ အထဲမှာပါ ပါတယ်။

ဟုတ်ကဲ့၊

၄။ တချို့ ကျမ်းများမှာ ဗုဒ္ဓကို အမွန်း တင်လွန်းတာရှိတယ် ဆိုတာ လက်ခံပါတယ်။ ဒါကို ဆင်ခြင် ဉာဏ်နဲ့ပဲ ဆုံးဖြတ်ရမှာပါ။ ဒါပေမယ့် အမွန်းမတင်တဲ့ကျမ်းများ သဘောတရားများရှင်းထားတဲ့ ကျမ်းများလဲ ရှိနေသေးပါတယ်။ ၄င်း သဘောတရားများကိုလဲ ဆင်ခြင်ဉာဏ်နဲ့ပဲ စီစစ်ရမှာပါ။ လူ့သက်တမ်း သောင်းဂဏန်းများကို မယုံကြည်လို့ရပါတယ်။ (၄င်းသောင်းဂဏန်း ကိစ္စက သဘောတရားအနေနဲ့ သိပ်အကျိုးမပြုပါဘူး) ကျွန်တော်လဲ သုံးသပ် ဆဲပါပဲ။

အဲ့ဒီလို ဉာဏ်စဉ်ဆောင်တွေကို ဒဏ္ဍာရီဇတ်ကောင် အဖြစ်ပို့ထားတာတွေက ပြန်လည် ကာကွယ် စောင့်ရှောက်ခြင်းဟာ မွန်မြတ်တဲ့ အားထုတ်မှု တစ်ခုလို့ ကျွန်တော်မြင်ပါတယ်။ အဲ့ဒီအတွက် အကြံ ဉာဏ်ယုတ္တိဗေဒတွေကို ကုရ်အံကို ဖတ်ခြင်းဖြင့် ပိုပြီးရလာနိုင်တယ်လို့ အကြံပေးပါရစေ။

သက်တမ်းနဲ့ ပတ်သက်လို့ ကျွန်တော် ကတော့ သက်ဆိုင်ရာ ကိုယ်တော်တွေရဲ့ သြဇာသက်တမ်း၊ သာသနာ သက်တမ်းလို့ ယူဆပါတယ်။ ကုရ်အံက အဲ့ဒီအတိုင်း သင်ပါတယ်။ အာရ်ဗီစကားမှာတော့ သက်တမ်းကို သုံးတဲ့ အသုံးဝေါဟာရတွေကို ခွဲထားပါတယ်။ လူခန္ဓာသက်တမ်းနဲ့ နေတာလား၊ သြဇာ သက်တမ်းသဘောကို ပြောတာလားပေါ့။ ဝေါဟာရကွဲတော့ အဖြေထုတ်ရလွယ်ပါတယ်။

သက်တမ်းအကြောင်းကို ကြံုရင် အပတ်စဉ် ဗဟုသုတထဲက ကုရ်အံပါ နူးဟ်ကိုယ်တော် အကြောင်းကို ဖတ်ကြည့်ပါ။ ကိုယ်တော်ဂေါတမကတော့ ပုံပြောမယ့် ပုဂ္ဂိုလ်မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော် သုံးသပ်တာမှာ ဖွင့်ဆိုသူ၊ မိမိဖွင့်ဆိုခြင်းကို ဘုရားစကားအလား လိုက်ယုံစေသူ တွေကိုပဲ သုံးသပ်တာပါ။

၅။ ကိုးကွယ်တယ်ဆိုတာ ဘယ်လို ကိုးကွယ်မှုကို ဆိုလိုသလဲ ဆိုတာကို မသိနိုင်ပါ။ မိမိကို ရန်သူမှ ကာကွယ်ပေးဖို့ ဒုက္ခမှ ကယ်တင်ဖို့ ကိုးကွယ်တာလား။ ရဲကျမှာ သောကဘုံရောက်မှာ ကြောက်လို့ ကိုးကွယ်တာလား။ သူပြောတာမှန်ပါတယ် သူ့ပြောတဲ့ တရားတွေကို လိုက်နာမယ်ဆိုပြီး ကိုးကွယ် တာလား။ သူ့ဆီမှာတော့ တရားခမ္မတွေရှိတယ် သူက ပြန်ရှင်းပြနိုင်တယ်ဆိုပြီး ကိုးကွယ်တာလား။

အများကြီး ကွဲပြားကြပါတယ်။ ဘာသာတစ်ခုမှာတောင် လူတစ်ယောက်ရဲ့ ဉာဏ်ရည်နဲ့ လိုက်ပြီး ကိုးကွယ်ပုံခြင်းခြားနားပါတယ်။

(ဒီနေရာမှာလဲ နှစ်လုံးဂဏန်းပေးလို့ ကိုးကွယ်တဲ့ဘုန်းကြီးတို့ ဘာတို့က အမှန်ကိုးကွယ်တယ် မခေါ်ပါဘူး။ )

ဟုတ်တယ်။ မြန်မာစကား ကိုးကွယ်တယ်ဆိုတာ အဓိပ္ပါယ်တွေ ပြား နေပါတယ်။ သရဏဂုံတည်တာက ဆင်းသက်လာတဲ့ ကိုးကွယ်ခြင်း၊ နာထ ဆိုတာက ဆင်းသက်လာတဲ့ ကိုးကွယ်ခြင်း၊ ပူဇာမိ ကဆင်း သက်လာတဲ့ ပူဇော်ပသ ကိုးကွယ်ခြင်း။ ဒီ၄ေန စေ့စေ့ကြည့်ပြီး သဒ္ဒါအားလွန်ပြီး ကိုးကွယ်မိခြင်း--စ သည်ဖြင့် များစွာ ရှိနေပါတယ်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အစ္စလာမ်မှာ အာရ်ဗီစကားအရ **အဗဒ** လို့ သုံးပါတယ်။ မိမိကိုယ်တိုင် လိုက်နာကျင့်သုံးခြင်းလို့ ဖြစ်ပါတယ်။ အပေါ်က လူသတ်မှု ဥပဒေမှာ ဝန်ထမ်းလို့ သုံးခဲ့တဲ့ عَبْد **အာ့ဗ်ဒ်** ဆိုတာ အဲ့ဒီ **အဗဒ** ရဲ့ ဆင့်ပွားဖြစ်ပါတယ်။ ဒါကြောင့်– လောကဓမ္မအတိုင်း နေထိုင်ပြုမူခြင်းဟာ အဗဒ ဖြစ်ပါတယ်။ ဥပမာ– အစားအသောက်ကို ပါးစပ်ဖြင့်စားခြင်း– ဒါဟာ လောကဓမ္မရဲ့ အမှန်တရားအတိုင်းဖြစ်လို့ **အဗဒ** ဖြစ်ပါတယ်။ တကယ်လို့ လောကဓမ္မကို ကရုမစိုက်ဘူးကွာ ထမင်းကို နှာခေါင်းပေါက်ကသွင်းမယ် ဆိုရင် **အဗဒကို** ဆန့်ကျင်ခြင်း ဖြစ်ပါတယ်။ ကုရ်အံက စကြာဝဠာအနန္တ (အတွင်းအပြင်အားလုံး) ဟာ နာခံလိုသည် ဖြစ်စေ၊ မနာခံလိုသည်ဖြစ်စေ ရုပ်ပိုင်းဆိုင်ရာအားဖြင့် **အဗဒ** လုပ်နေရတယ်လို့ ဆိုပါတယ်။ ဉာဏ်ပိုင်းဆိုင်ရာကို လွတ်လပ်စွာ ရွေးချယ်ခွင့်ပြုထားတယ်။ လူသားဟာ ဉာဏ်ပိုင်း ဆိုင်ရာအားဖြင့် လူမှာ ပုန်ကန်ဆန့်ကျင်လိုတဲ့ သဘောရှိတယ်။ အဲ့ဒီ ဉာဏ်ပိုင်းဆိုင်ရာကိုသာ ဘယ်လိုနေသင့်တယ်။ ဘယ်လိုထားသင့်တယ်လို့ ဉာဏ်စဉ်ဆောင်တွေ ပွင့်ပေါ်ပြီး **အဗဒ** လုပ်တတ်ဘို့ သွန်သင်ပေးပါတယ်။ ဒါ လူတွေအတွက်နော်။ လူမှအပသော တိရိစ္ဆာန်တွေမှာ စိတ်ရော၊ ရုပ်ရော **အဗဒ** လုပ်နေရတယ်။ သူတို့မှာ ဉာဏ်စဉ်ပါဝါကို လက်ခံနိုင်တဲ့ ကရိယာ မပါဘူး။ သူတို့က စိတ်တော့ ပါတယ်။ စိတ်ဆိုးတတ်တယ်။ ကြောက်တတ်တယ်။ ဆာတတ်တယ်။ ကာမကြွတတ်တယ်–– စသည်ဖြင့် စိတ်ပိုင်းဆိုင်ရာ ခံစားချက်တွေရှိနေတယ်။ ဒါပေမယ့်– ဉာဏ်စဉ်ဓါတ်ခံ မပါဘူး–လို့ ဆိုတယ်။ (ကုရ်အံ အဆို မှန်နိုင်သလား မှားနိုင်သလား ရှုပ စဉ်းစားပေ့ါ။)

ဒါဆို– **အလ္လာဟ်**ကိုသာ **အဗဒ** လုပ်ပါဆိုတာက လောကနိယာမ သစ္စာဓမ္မအတိုင်း နေထိုင်နိုင်အောင်ကြိုးစားပါလို့ သွန်သင်တာပါ။ အလ္လာဟ်က အသင်္ကေတ ဖြစ်တော့၊ ရှိခိုးပူဇော်– ဆက်ကပ် ပသဘို့ မလိုသလို၊ လူတွေပြောနေတဲ့ ကြောင်ခြင်းမျိုးနဲ့ ကြောက်ဘို့လည်း မလိုပါဘူး။ အလ္လာဟ်ကို ကြောက်ပါဆို တဲ့စကားက ဗုဒ္ဓဘာသာတွေ ဘုရားကို ကြောက်ပါလို့ ပြောတဲ့ စကားမျိုးသာ ဖြစ်တယ်။

အဗဒ ဆိုတဲ့ စကားလုံးကို ဦးဌေးလွင်ဦး ဘာသာပြန် ၁း၅ မှာ ရှင်းထားပါတယ်။

ထို့အပြင် လက်ဆင့်ကမ်း ဟောပြမယ့်သူတွေ တစ်ရပ်အနေနဲ့၊ အစ္စလာမ်မှာ ဟာဂျ် ပြုပြီးသူ အစ္စလာမ် ဘုန်းကြီးရှိပါမယ် (သို့) ကျမ်းတတ်ပုဂ္ဂိုလ် (ဓမ္မစရိယ) ရှိပါမယ်၊ Father လို့ခေါ်ကြတဲ့ ခရစ်ယာန် ဘုန်းကြီးရှိပါတယ်၊ ဒါတွေဟာလဲ လူတန်းစားတစ်ရပ်အနေနဲ့ရှိပါတယ်။ ၎င်းလူတန်းစား အားလုံးကို သာမာန်ဘာသာဝင်များက ထောက်ခံကြတယ် ပံ့ပိုးပေးကြတယ်၊ အရိုအသေ ပေးကြပါတယ်။ (အရို အသေပေးပုံခြင်းကွာခြားကြပါတယ်) ထို့အတွက် ထိုကဲ့သို့လူတန်းစား တစ်ရပ်အနေနဲ့ ဖြစ်ခြင်းကို အစ္စလာမ် က လက်မခံဘူး ဆိုတာ ဘယ်လို လက်မခံတာလဲ အစ္စလာမ်ဘာသာ ဓမ္မစရိယများက အကိုးကွယ်ခံ လူတန်းစား မဖြစ်ပုံလေး သိပါရစေ။

အစ္စလာမ် ဟုတ်ဟုတ် မဟုတ်ဟုတ် လူလူချင်း ဂုဏ်ပေးဆက်ဆံရပါမယ်။ လူသားဟာ သတ္တဝါတွေထဲမှာ အမြင့်ဆုံး အဆင့်မှာ ရှိပါတယ်။ အစ္စလာမ်မှာ ဓမ္မစရိယကြောင့်– ဟာဂျီကြောင့် ဆိုတဲ့ ပညတ်အောက်မှာ သာမန်လူတွေထက် ပိုပြီး လူတန်းစား တစ်ရပ်အနေနဲ့ ဂုဏ်ပေးနေစရာ မလိုပါဘူး။ အဲ့ဒီ လိုအသားကျအောင်လည်း အစ္စလာမ်တွေကို ထုံးတမ်းစဉ်လာ ဖြစ်အောင် လေ့ကျင့်ထားပါတယ်။ ဓမ္မစရိယဖြစ်ဖြစ်၊ ဟာဂျီဖြစ်ဖြစ်၊ သာမန်လူဖြစ်ဖြစ် သူ့ကို ဂုဏ်သိက္ခာ သေးသိမ်အောင်လည်း မလုပ်ရဘူး၊ လူသားတစ်ဦးချင်းစီရဲ့ အသိအမှတ်ပြုခံရခြင်းက သူ့ရဲ့ အလုပ်အကျွေးပြုမှု အပေါ်မှာပဲ တည်ပါတယ်။ ဥပမာ– အင်္ဂလိပ်စာ တတ်သူတစ်ဦးက သူ့ဟာသူ ဘယ်လောက်တတ်တတ် သူ့ရဲ့ပညာနဲ့ (စာရေးဆရာ၊ ဘာသာပြန်ဆရာ၊ ကျောင်းဆရာ) လူထုကို အလုပ်အကျွေးမပြုရင် သူ့မှာ ခံစားခွင့် မရှိဘူး။ အလားတူပဲ

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ဘာသာရေး ပညာဆိုတာလည်း ဘာသာရပ်တွေထဲက ဘာသာရပ်တစ်ခုပါပဲ။ အာရ်ဗီစာတတ်လို့ သူ့ကို ထမင်းကျွေးထားရမယ်၊ လေးစားနေရမယ်လို့ မဆိုလိုဘူး။ အလားတူ ပါဠိကိုတတ်လို့ ထမင်းကျွေးထား ရမယ် လေးစားနေရမယ်လို့ မသတ်မှတ်ဘူး။ သူတတ်တဲ့ ဘာသာရပ်နဲ့ လူထုကို အလုပ်အကျွေးပြုရ ပါတယ်။ ဒါကြောင့် ဗလီတွေမှာ ဆရာအဖြစ် ဝန်ထမ်းပဲခန့်ပါတယ်။ သူနဲ့ သူ့ကိုခန့်အပ်တဲ့ ဂေါပက ရပ် ကွက်ကြားမှာ ကတိအဝတ်တွေရှိတယ်။ စာချုပ်တွေရှိတယ်။ ဌာနတစ်ခု ကျောင်းတစ်ကျောင်းမှာ ကျောင်းဆရာ ခန့်သလိုပါပဲ။ တစ်ခုတော့ ရှိတယ် ဝန်ထမ်းတစ်ဦးဖြစ်ဘို့ သက်ဆိုင်ရာ ကဏ္ဍမှာ ဝန် ထမ်းလုပ်နိုင်တဲ့ အရည်အချင်းတော့ ရှိရမယ်။ ကွန်ပြူတာသင်တန်းအတွက် ကွန်ပြူတာမကျွမ်းကျင်သူ ကို ဝန်ထမ်းမခန့်သလိုပါပဲ။ ပြီးတော့ အဲ့ဒီဝန်ထမ်းဖြစ်တဲ့ ဗလီဆရာဟာ ဂိုဏ်းချုပ်၊ သာသနာပိုင်ဖြစ် ခွင့်မရှိဘူး။ အဲ့ဒီ ရာထူးများ အစ္စလာမ်မှာ မရှိလို့ပါ။

အသင်းအဖွဲ့အစည်းတွေမှာတော့ သူပါဝင်ရင် အရည်အချင်းပေါ်မူတည်ပြီး ဥက္ကဌ အတွင်းရေးမှူး ဆိုပြီး ဖြစ်ခွင့်ရှိတယ်။ ဒါလည်း အခြားသော ဘာသာရေးနိုင်ငံရေး အသင်းအဖွဲ့အစည်းတွေလိုပါပဲ။ သူ့မှာ လစာရှိနိုင်တယ်။ ပင်စင်ရှိနိုင်တယ်။ သာသနာဂိုဏ်းချုပ်ရယ်လို့ ဘယ်သူမှ ဖြစ်ခွင့်မရှိသလို။ သူ့ကို ထမင်းထိုင်ကျွေးထားရမယ်လို့လည်း သူ့အတွက် သာမန်လူတန်းစားထက်ပိုပြီး နေရာထိုင်ခင်းစီစဉ်ပေး ထားရမယ်ဆိုတဲ့ တာဝန်တွေ မရှိပါဘူး။ ရပ်ကွက်က ကျောင်းဆရာတစ်ဦးရဲ့ ဘဝကို မြင်ယောင်လိုက် ပါ- အဲ့ဒီ အဆင့်ပါပဲ။ ဒီတော့ အခြားဘာသာများနဲ့ တူ-မတူ ရှုပ စဉ်းစားပေ့ါ။

**ဘိက္ခု သို့ ရဟန်းဆိုတာ အစကတည်းက သံဃာ အဖွဲ့ထဲက သူတွေပါ။**

မဟုတ်သေးဘူး ထင်တယ်။ သေချာအောင် လေ့လာစေချင်ပါတယ်။ ကျွန်တော်သိတာက သံဃာ ဆို တာ- သံ ဟနီတီတ သံဃော- သံသရာကို ပါယ်သတ်နိုင်သူကိုမှ သံဃာလို့ ခေါ်တယ်လို့ ဖြစ်ပါတယ်။ အဲ့ဒီ အဆင့်ရှိတဲ့ ပုဂ္ဂိုလ် (ဥပမာ- ကိုယ်တော်ဂေါတမ- က သံဃာဖြစ်သွားလို့ သံဃာအဖွဲ့ကို ထူထောင် တယ်။ အဲ့ဒီမှာ ဘိက္ခု (ရဟန်း) တွေက သံဃာဂိုဏ်းဝင်၊ အဖွဲ့ဝင်ဖြစ်တယ်။) NLD ပါတီဝင်က NLD မဖြစ်နိုင်ဘူးလေ။ ဘိက္ခုဆိုတဲ့ လူတန်းစားက ကိုယ်တော်ဂေါတမ ဉာဏ်စဉ်ဆောင်အဖြစ် ဝန်မခံမီက တည်းက ရှိနေတာပါ။

ဘိက္ခုကို သံဃာလို့ သတ်မှတ်ရင် ဓမ္မပဒ ၁၈၉ က ဗုဒ္ဓ၊ ဓမ္မ၊ သံဃာသည်သာ ကိုးကွယ်ရာလို့ ပြော ထား တာဟာ ယုတ္တိနဲနဲလွဲနေမယ်ထင်တယ်။ ဘာကြောင့်လဲ ဆိုတော့ ဘိက္ခုက ဗုဒ္ဓနဲ့ ဗုဒ္ဓဟောတဲ့ ဓမ္မ မပေါ်မီ ကတည်းက ရှိပြီးသား ဖြစ်နေလို့ပါ။

**ဒါကို သံဃာနေရာကို ရဟန်းကဝင်ယူလိုက်တယ် ဆိုတော့ ဘာပြန်ပြောရမှန်းတောင် မသိပါဘူး။**

ဘယ်လို ပြောရမှန်းသိအောင်၊ အပေါ်က ကျွန်တော်ထောက်ပြတာကို သမ္မာသက်ပနဲ့ ဆင်ခြင်စေချင် ပါတယ်။ အခု ဘိက္ခုတွေက- ပါဠိစကားလုံး တေ- တွံ (သင်) ဆိုတာကို သူတို့အတွက် အရှင်ဘုရား လို့ ဘာသာပြန်ပြီး- သူတို့က သူများကိုပြောတော့ ဒကာ၊ ဒကာမ လို့ ဘာသာပြန်ထားပါတယ်။ အဟံ (ကျွန်ုပ်) ဆိုတာကို သူတို့ကိုပြောတဲ့အခါမှာ (တပည့်တော်) လို့ ဘာသာပြန်ထားပါတယ်။ အဲ့ဒါကို ဘာ သာရေး ဝေါဟာရ သို့မဟုတ် ဘာသာဗေဒတစ်ခု အဖြစ် ဖန်တီးထားပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံ မှာလို့ ဆိုရမှာပါ။ သီရိလင်္ကာမှာတော့ မသိဘူး- ထိုင်းမှာတော့ အဲ့ဒီလို မဟုတ်ပါဘူး။

မြန်မာစကား ပညတ်သွားရာ ဓါတ်သက်ပါသလို ဖြစ်နေတော့- အရှင်ဘုရား လူတန်းစားကို တပည့် တော်လို့ မိမိကိုယ်မိမိနှိမ့်ချနေရတဲ့ လူတန်းစားက တစ်စုံတစ်ခု စောကြောဘို့ ဆိုတာ စိတ်ဓါတ်ရေးရာ အရ သိမ်ငယ်နေရပါတယ်။ ကျွန်တော့အမြင်ကတော့- ဂုဏ်ပေးခြင်း၊ သိက္ခာပေးခြင်းထက် ကျော်လွန် နေတယ်လို့ မြင်တယ်ဗျာ။ ကျွန်တော်တို့ လူမျိုးဟာ ရိုးသားလှပါတယ်။ ရိုးသားလွန်းတဲ့ လူမျိုးကို ဒီလို

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အသုံးအနှုန်းတွေက ကျေးကျွန်စိတ် ကိန်းဝပ်စေတယ်–လို့ သုံးသပ်မိပါတယ်။ ကျွန်တော့အမြင်မှားယွင်းနေရင်လည်း ရှုပ ဆွေးနွေးနိုင်ပါတယ်။

ဆိုလိုချင်ပုံက ခုနကပြောခဲ့တဲ့ ရဟန်း အလုပ် မဟုတ်တဲ့ ကိစ္စတွေကို (၂လုံးဂဏန်းပေးခြင်း ဗေဒင်ဟောခြင်း) လုပ်နေသူများလားခြင်းကို ဆိုလိုပုံရပါတယ်။

ဒီလို စရိုက်ဆိုးရှိတဲ့ လူတန်းစားကတော့ ဘာသာတိုင်း လူမျိုးတိုင်းမှာ ရှိနေပါတယ်။ ဗုဒ္ဓဘာသာတစ်တည်းမှာ မဟုတ်ပါဘူး။ ဘိက္ခုလူတန်းစား တစ်ရပ်ကို ဘုရားတစ်ဆူ ဂူတစ်လုံး သတ်မှတ်မိနေတဲ့ ဓလေ့ကို အစဉ်အလာအဖြစ် သတ်မှတ်ခံရတဲ့ မြန်မာပြည်က ဗုဒ္ဓဘာသာဝင်တွေကတော့ ပိုခံရတာပေါ့။ အဲ့ဒီဘိက္ခုလို အရောင်ကိုမြင်တာနဲ့ သူ့ခြေမြာတွေက ဦးချပြီးသား ဖြစ်သွားတယ်လေ။ (ပညာတတ် အနည်းစုကတော့ ဆင်ခြင်နိုင်တာပေါ့– ဒါတောင် မိရိုးဖလာကို မနဲ အံတုနေရတယ်) ဒီတော့ အတု အ ယောင်စရိုက်ပျက်တွေ ပိုပြီးလှုပ်ရှား ကျက်စားရ အခွင့်သာတာပေါ့။ အဲ့ဒီက တစ်ဆင့် သာသနာသိက္ခာ ကျမှုတွေဖြစ်ကုန်တာပေါ့ဗျာ။

ဒါပေမယ့် ဝိနည်း စည်းကမ်းလိုက်နာကြတဲ့ သူတော်ကောင်း ရဟန်း များလဲရှိပါတယ်–

ဝိနည်းစည်းကမ်းနဲ့ ညီမညီတော့ မသိဘူးဗျာ– တကယ့်သူတော်စဉ် သူတော်ကောင်းတွေကတော့ ဘာသာတိုင်း လူမျိုးတိုင်းမှာ ရှိနေတယ် ဆိုတာကို ထောက်ခံပါတယ်။ စောစောက ကျွန်တော်ယေဘုယျထောက်ပြခဲ့တဲ့ ဘိက္ခုလူတန်းစားထဲမှာလည်း ရှိကိုရှိနေပါတယ်။ လူတစ်ရာမှာ တစ်ရာလုံးတော့ လူဆိုးတွေ၊ လုပ်စားသူတွေချည်း ဘယ်ဟုတ်ပါ့မလဲ။

ဒါပေမယ့် အဲ့ဒီ အချက်ကိုလည်း ကျွန်တော် သုံးသပ်တာကတော့– အခြားပညာရပ်လောကများလိုပါပဲ။ ဥပမာ– လူတွေ သန်းနဲ့ချီပြီး ဘော်လုံးကစားကြတယ်– ကစားနေတယ်။ ဒါပေမယ့် ပီလီ၊ ရော်နယ်ဒို၊ မာရာဒိုနာ၊ ဘက်ဟမ်း၊ ဇီဒိန်း– လိုလူမျိုးဖြစ်လာဘို့ ရာနှုန်းအားဖြင့် အလွန်နည်းပါတယ်။ တကမ္ဘာလုံးကလူတွေ သီချင်းဆိုကြတယ် သို့မဟုတ် ငြိမ့်ငြောင်းတဲ့ သံစဉ်တွေနဲ့ ပတ်သက်ကြတယ်– ဒါပေမယ့် မိုက်ကယ်ဂျစ်ဆင်လို ဖြစ်တဲ့ လူက ရာနှုန်း အလွန်နည်းပါတယ်။ အလားတူပါပဲ– တကမ္ဘာလုံး လူသားတွေက သူတော်စင်ဖြစ်ဘို့ ရည်ရွယ်ပြီး ဘိက္ခုလုပ်လိုက်ရင်လည်း သူတော်စင်–စစ်စစ်ဖြစ်လာဘို့ ရာ နှုန်း အလွန်နည်းမှာပါ။ ထမင်းငတ်လို့ မကောင်းကျောင်းပို့ (သူတော်စင်ဖြစ်ဘို့ ရည်ရွယ်ချက်မရှိဘဲ ဘိက္ခုဖြစ်လာသူ)တွေထဲကဆို ရာနှုန်းက ဒီထက်ပိုပြီး နည်းသွားနိုင်ပါတယ်။

ဒီတော့ တစ်ဦးတစ်ယောက် သို့မဟုတ် ရာနှုန်းအလွန်တရာ အနည်းစုသာ ဖြစ်လာနိုင်တဲ့ လူတန်းစားတစ်ရပ်မှာ အဲ့ဒီ တစ်ထောင်တစ်ယောက်၊ တစ်သောင်းတစ်ယောက်ကြောင့် ကျန်တဲ့ ၉၉၉ ယောက် ၉၉၉၉ ယောက်ကို သူတော်စင်တစ်ဦး အဆင့်နဲ့ အတူထားမိနေတာတော့ ပြန်မစဉ်းစားသင့်ဘူးလား။

ဖြစ်သင့်တာက (ကျွန်တော့အတွေးအခေါ်နော်) အဲ့ဒီလူတန်းစားကို စာသင်မယ့်ကျောင်းတွေ ဖွင့်ပေးလိုက်သင့်တယ်။ အဲ့ဒီမှာ သူတို့ကျွမ်းကျင်တဲ့ ပါဠိဘာသာ ဖြစ်ဖြစ် သက္ကတဘာသာဖြစ်ဖြစ်၊ ယဉ်ကျေးမှုသင်တန်းဖြစ်ဖြစ်မှာ ဆရာတွေအဖြစ် ခန့်အပ်သင့်တယ်။ ဟိုရှေးက မြန်မာစာဆိုတာကို ဘုန်းကြီးကျောင်းတွေကသင်ပေးခဲ့တာ။ လူမျိုးတစ်မျိုး စာတတ်ဘို့ ကျေးဇူးပြုပေးတဲ့ သူတွေက ဘုန်ကြီးတွေဖြစ်ခဲ့တယ်။ အဲ့ဒီ ဘုန်းကြီးတွေကို လေးစားရတာ။ စားဝတ်နေရေး ဖြေရှင်းပေးရတာ– လူထုအနေနဲ့ လုပ်သင့်တဲ့ အလုပ်ကို လုပ်ခဲ့တာပါ။

အဲ့ဒီမှာ လူထုအတွက် စာပေပညာရှင်တွေ ပေါ်ထွန်းခဲ့တယ်။ ရှင်မဟာသီလဝံသ၊ မုံရွေးဆရာတော် ရှင်အာဒိစ္စဝံသီ၊ ရွှေဘို ရှင်သီရိမာလာ၊ နောက်ပိုင်း ရှင်ဥတ္တမကျော်၊ ဦးပုည၊ ဒုတိယကျော်အောင်စံထား၊ ဇန်းမော်ဆရာတော်––– အများကြီးပါ။ ကဲ လူထုဘက်က အလုပ်အကျွေးပြုပေးရတာ မတန်ဘူးလား။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ရပ်တိုင်းရွာတိုင်းက ဘုန်းကြီးကျောင်းတွေဟာ နာမည်မကျော်ပေမယ့်– ရပ်တိုင်းရွာတိုင်းရဲ့ စာပေပညာကို အနည်းဆုံး သင်ပုန်းကြီးသင်ပေးခဲ့တယ်လေ။
အခုခေတ်က ဘုန်းကြီးတွေ (အများစု) ဘာလုပ်သလဲ။– ဒီလိုမေးရင် စော်ကားတယ်ထင်ဦးမယ်။ အနည်းစုလောက်တော့ ဘုန်းကြီးကျောင်း ပညာရေးဆိုပြီး ဖွင့်တယ်။ ဒါပေမယ့် အဲ့ဒီကျောင်းထွက်တွေ အတွက် အသက်မွေးဝမ်းကျောင်း ပညာမရခဲ့နိုင်ဘူး။ အဲ့ဒီကျောင်းက ကျောင်းသားလေးတွေ စာသင် လိုက်ရတဲ့ အချိန်ပဲကုန်သွားတယ်။ အရွယ်ရောက်လို့ ကျောင်းကထွက်လာရင် သူတတ်လာတာနဲ့ လုပ်စားဘို့ နေရာမရှိဘူး ဖြစ်ရတယ်။– တစ်စုံတစ်ခုတော့ ဆင်ခြင်သင့်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ဒါပေမယ့် သူတို့လည်း လူသားတွေပဲ အမုန်းတရားနဲ့တော့ မဆင်ခြင်မိဘို့လိုပါတယ်။ သူတို့တွေလည်း အစဉ် အလာအောက်မှာ စီးမြောရင်း ရည်ရွယ်မရှိဘဲ အဖြူထည်သက်သက် မှားနေသူတွေများပါတယ်။
မှန်ပါတယ် ရဟန်းများ (အများကိန်း)ကို သံဃာ ခေါ်တာပါ။ (အတိအကျ လေးပါးနဲ့ အထက်ကိုခေါ်တာဟုတ် မဟုတ်တော့ မသိဘူးဗျ)
ကျွန်တော်လေ့လာမိသလောက်တော့– ဘိက္ခုက ဘိက္ခုပါပဲ၊ ဘိက္ခုနီက ဘိက္ခုနီပါပဲ။ သံဃာဆိုတာ အဖွဲ့အစည်းအမည်သာ ဖြစ်ပါတယ်။– မဟာဝဂ်ပါဠိတော် သံဃိကာသက်န်းဖြစ်ပေါ်ခြင်း ဆိုတဲ့ ခေါင်းစဉ်အောက်မှာ မြတ်စွာဘုရားသည် အနည်းဆုံး လေးပါးအစုရှိမှ သံဃာမည်၏ ဟု ပညတ်တော်မူ၏ လို့ ဆိုထားပါတယ်။ ဒါကြောင့် ကိုယ်တော်ဂေါတမထံတွင် တပည့်ခံယူသော ဘိက္ခု (အခြားဂိုဏ်းက ဘိက္ခုများမပါ)များမှ လေးပါးထက်များတဲ့ ဘိက္ခုအစုဟာ သံဃာပေါ့ဗျာ။ ငယ်ငယ်က ကျောင်းမှာ အသင်းခွဲသလို– ကျန်စစ်သားအသင်း၊ ဗန္ဓုလ အသင်းပေါ့။ ကျန်စစ်သား အသင်းဝင်တွေကတော့ ကျန်စစ်သားတွေ ဖြစ်နိုင်ပါ့မလား။
သံဃာနဲ့ ရဟန်း အခေါ်အဝေါ်များကို အဓိပ္ပါယ်သေချာ မသိကြလို့ မှားယွင်းခေါ်ဆိုကြသာ ဖြစ်ပါတယ်။
မှန်ပါတယ်။ ဗုဒ္ဓဘာသာဝင်တိုင်း သေချာစွာ သိနိုင်ကြပါစေလို့ ရိုးရိုးသားသား လှိုက်လှိုက်လဲလဲ ဆုတောင်းပါတယ်။

ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ပြန်လည် ဆွေးနွေးပါ။

ကျွန်တော်တို့ အစ္စလာမ်မြန်မာ အဖွဲ့ဝင်တွေကတော့–ကိုယ်တော်ဂေါတမ၊ ကိုယ်တော်မုဟမ္မဒ် အပါအဝင် ဉာဏ်စဉ်ဆောင်ကိုယ်တော်များ အားလုံးကို ကိုယ်နတ်နလုံး သုံးပါးလုံးနဲ့ လေးစားကြည်ညိုပါတယ်။ ဘယ်သောအခါ၊ ဘယ်နေရာမှာ မဆို ကာယကံ၊ ဝစီကံ၊ မနောကံနဲ့တောင် ပြစ်မှားခွင့်မရှိဘူးလို့ အဖွဲ့ဝင်တွေအားလုံး အတွက် စည်းမျည်းချမှတ်ထားပါတယ်။ တကယ်လို့ အဖွဲ့ဝင်တစ်ဦးဦးက ပြစ်မှားခဲ့သော်– ပါရာဇိကံ ပေါ့ဗျာ။ သူက အဖွဲ့အစည်းနဲ့ ပတ်သက်ခွင့် မရှိတော့ဘူးပေါ့။

လေးစားစွာဖြင့်
ထွန်းထွန်းအောင်

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com